# ပြည်ထောင်စုလွှတ်တော်ရုံး

## သုတေသနဌာန


ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်

# အမေရိကန်သမ္မတသစ်ဂျိုးဘိုင်ဒင်၏နိုင်ငံခြားရေးမူဝါဒနှင့် ပြောင်းလဲလာမည့်နိုင်ငံတကာဆက်ဆံရေး


**အကျဉ်းချုပ်**

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်အရ ဂျိုးဘိုင်ဒင်သည် အမေရိကန်သမ္မတသစ်အဖြစ် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှစ၍ တာဝန်ထမ်းဆောင်နေပြီဖြစ်ပြီး ၎င်း၏နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝှမ်းမှ စိတ်ဝင်စားစွာစောင့်ကြည့်လေ့လာလျက်ရှိပါသည်။ အကြောင်းမှာ သမ္မတဒေါ်နယ်ထရမ့်လက်ထက်တွင် ဒီမိုကရေစီစံချိန်စံညွှန်းများကို လျှော့ကျစေသည့်မူဝါဒများနှင့်အတူ အမေရိကန်ပြည်တွင်းရေးကိစ္စရပ်များကို ဖရိုဖရဲဖြစ်စေခဲ့သည့်အပြင် မဟာမိတ်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ဆက်ဆံရေးထိခိုက်ပျက်ပြားစေခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ယခုအခါ ဂျိုးဘိုင်ဒင်အနေဖြင့် တရုတ်နိုင်ငံ၏ ဩဇာကြီးထွားလာသည့် အန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းရန်နှင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဦးတည်ချက်ထားပြီး နိုင်ငံတကာ မဟာမိတ်များနှင့် ပြန်လည်ပူးပေါင်းကာ ကမ္ဘာကြီးအား ပိုမိုငြိမ်းချမ်းအောင်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရပါသည်။

ဤစာတမ်းတိုတွင် သမ္မတသစ်ဂျိုးဘိုင်ဒင်လက်ထက်တွင်ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံတကာဆက်ဆံရေးကိုလေ့လာနိုင်ရန် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံခြားရေးမူဝါဒ၏ ဆက်နွှယ်မှုရှိပုံ၊ ပြောင်းလဲလာနိုင်သည့်အမေရိကန်နိုင်ငံခြားရေးမူဝါဒအား နှိုင်းယှဉ်သုံးသပ်ခြင်း၊ အမေရိကန်နှင့် အာရှ၊ ရုရှား၊ ဥရောပသမဂ္ဂ၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းဒေသ၊ မြန်မာနိုင်ငံတို့၏ ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံတကာဆက်ဆံရေးအခြေအနေများကို လေ့လာတင်ပြထားပါသည်။


**သုတေသနစာတမ်းတိုအမှတ်စဉ်(၁၆၃)**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# ဤစာတမ်းတွင်ပါဝင်သည့်ဝေါဟာရအတိုကောက်များ၏ ရှင်းလင်းချက်

| | | |
|---|---|---|
| AI | – | Artificial Intelligence |
| COMCASA | – | Communications Compatibility and Security Agreement |
| EU | – | European Union |
| ISA | – | Industrial Security Annex |
| JCPOA | – | Joint Comprehensive Plan of Action |
| NATO | – | North Atlantic Treaty Organization |
| RCEP | – | Regional Comprehensive Economic Partnership |
| TTIP | – | Transatlantic Trade and Investment Partnership |
| TPP | – | Trans–Pacific Partnership Trade Agreement |
| UNESCO | – | United Nations Educational, Scientific and Cultural Organization |
| UNHCR | – | United Nations Human Rights Council |
| WHO | – | World Health Organization |
| WTO | – | World Trade Organization |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၄ |
| ၂။ | ရည်ရွယ်ချက် | ၄ |
| ၃။ | အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ | ၅ |
| ၄။ | နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံခြားရေးမူဝါဒ၏ဆက်နွယ်မှု | ၅ |
| ၅။ | ပြောင်းလဲလာမည့် အမေရိကန်နိုင်ငံခြားရေးမူဝါဒအပေါ် နှိုင်းယှဉ်သုံးသပ်ချက်များ | ၆ |
| ၆။ | အာရှ- အမေရိကန် ဆက်ဆံရေး | ၉ |
| ၇။ | ရုရှား- အမေရိကန် ဆက်ဆံရေး | ၁၃ |
| ၈။ | ဥရောပသမဂ္ဂ- အမေရိကန် ဆက်ဆံရေး | ၁၄ |
| ၉။ | လက်တင်အမေရိက- အမေရိကန် ဆက်ဆံရေး | ၁၆ |
| ၁၀။ | အရှေ့အလယ်ပိုင်း- အမေရိကန် ဆက်ဆံရေး | ၁၉ |
| ၁၁။ | မြန်မာ- အမေရိကန် ဆက်ဆံရေး | ၂၁ |
| ၁၂။ | သုံးသပ်ချက် | ၂၃ |
| ၁၃။ | နိဂုံး | ၂၄ |

## နိဒါန်း

၁။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုဖြစ်သည့် အမေရိကန်ပြည်ထောင်စု၏ (၄၆) ယောက်မြောက် သမ္မတဖြစ်လာသော ဂျိုးဘိုင်ဒင်နှင့် သမ္မတဟောင်းဒေါ်နယ်ထရမ့်တို့ကြားတွင် အယူဝါဒများနှင့် အတွေးအခေါ်များမှာ များစွာခြားနားသည့်အတွက် ၎င်းတို့နှစ်ဦး၏ နိုင်ငံခြားရေးမူဝါဒများမှာလည်း ကွဲပြားနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။ ထို့အပြင် သမ္မတဒေါ်နယ်ထရမ့်လက်ထက်တွင် အာရှ-ပစိဖိတ်၌ တရုတ်နိုင်ငံ၏ ဩဇာတဖြည်းဖြည်းကြီးထွားလာကာ စက်မှုထိပ်သီး(G20)နိုင်ငံများစာရင်း၌လည်း ကြွေးမြီချေးပေးထားမှု အများဆုံးနိုင်ငံဖြစ်လာပါသည်။ ကမ္ဘာ့အဆင်းရဲဆုံး (၇၃) နိုင်ငံသို့ ချေးထားသည့် ချေးငွေအများစုက G20 နိုင်ငံများထဲတွင် တရုတ်က အများဆုံးနေရာယူထားကာ ကမ္ဘာ့စင်မြင့်နေရာသို့ ရောက်ရှိလာခဲ့ပါသည်။ ၂၁ ရာစုတွင် တရုတ်သည်လည်း အမေရိကန်နှင့်အပြိုင် စူပါပါဝါနိုင်ငံဖြစ်လာပြီး ကိုဗစ်- ၁၉ အကျပ်အတည်းကာလတွင် တရုတ်နိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများထက် ရောဂါပိုးကို လျင်လျင်မြန်မြန်ထိန်းချုပ်နိုင်သည့်အတွက် စီးပွားရေးတွင် ထိပ်ဆုံးသို့ရောက်ရှိနေပြီဟုဆိုနိုင်ပါသည်။ ထိုကဲ့သို့ ကမ္ဘာ့ခေါင်းဆောင်မှုအပိုင်းတွင် အင်အားကြီးနှစ်နိုင်ငံဖြစ်လာသည့်အချိန်၌ အမေရိကန်သမ္မတသစ်ဂျိုးဘိုင်ဒင်အနေဖြင့် ကမ္ဘာ့ပြဿနာများကို ဖြေရှင်းရမည်ဖြစ်သကဲ့သို့ ပြည်တွင်းရှိ စိန်ခေါ်မှုများကိုလည်း ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ပါသည်။ ထို့အပြင် သမ္မတသစ်ဂျိုးဘိုင်ဒင်သည် နိုင်ငံခြားရေးမူဝါဒတွင် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုအလေးထားသည့်အတွက် အမေရိကန်အား ကမ္ဘာ့ခေါင်းဆောင်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ရန် ကြိုးစားဆောင်ရွက်မည့်အခြေအနေများရှိလာနိုင်ပြီး မဟာမိတ်များဖွဲ့၍ ကမ္ဘာ့တစ်ဝှမ်းရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ရပါသည်။

## ရည်ရွယ်ချက်

၂။ ဤစာတမ်းတိုကို ရေးသားရခြင်း၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သမ္မတသစ်ဂျိုးဘိုင်ဒင်လက်ထက်တွင် နိုင်ငံတကာဆက်ဆံရေးအခြေအနေများ ပြောင်းလဲလာနိုင်မှုကို သိရှိရန်၊

(ခ) သမ္မတဟောင်းဒေါ်နယ်ထရမ့်နှင့် သမ္မတသစ်ဂျိုးဘိုင်ဒင်တို့၏ မတူကွဲပြားသည့် အယူအဆနှင့် နိုင်ငံခြားရေးမူဝါဒများကို သိရှိရန်နှင့်

(ဂ) ယင်းကဲ့သို့ ပြောင်းလဲလာနိုင်သည့်မူဝါဒများအပေါ် အခြေခံ၍ မြန်မာနိုင်ငံအနေဖြင့် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးများတည်ဆောက်နိုင်ရေး ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်နိုင်ရန်။

**အချက်အလက်ဖော်ပြမှုနည်းနာနိသသယများ**

၃။ ဤစာတမ်းတိုတွင်ပါဝင်သည့်အချက်အလက်များကို နိုင်ငံတကာသတင်းဝက်ဘ်ဆိုက်များ ဖြစ်သည့် Joe Biden Official website၊ US Embassy website၊ USA Today၊ the New York Times၊ the Moscow Times၊ CNN news၊ Reuters၊ the NPR Politics၊ Channel News Asia၊ South China Morning Post၊ China & US Focus၊ Council on Foreign Relations၊ Newsweek၊ Centre for European Reform၊ Americas Quarterly၊ Brink news၊ Foreign Affairs၊ the Dialogue၊ Global Risk Insights၊ HAARETZ၊ CHATHAM House နှင့် ပြည်တွင်း သတင်းဌာနများဖြစ်သည့် မြဝတီ၊ Mizzima၊ စံတော်ချိန်၊ ISP– Myanmar တို့မှ ကောက်နုတ် ဖော်ပြထားပါသည်။

**နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံခြားရေးမူဝါဒ၏ဆက်နွယ်မှု**

၄။ ယနေ့ခေတ်ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းတွင် နိုင်ငံများသည် မိမိတို့၏အကျိုးစီးပွားများ ရရှိအောင်မြင်စေရန် အခြားနိုင်ငံများနှင့် အပြန်အလှန်အမှီသဟဲပြုကြရပါသည်။ ထို့ကြောင့် ခေတ်သစ်နိုင်ငံများအတွက် နိုင်ငံခြားရေးမူဝါဒသည် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်လာခဲ့ခြင်းဖြစ်ပါသည်။ အချုပ်အခြာအာဏာပိုင်နိုင်ငံများသည် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံရာတွင် ၎င်းတို့၏ နိုင်ငံခြားရေးမူဝါဒများနှင့်အညီ ဆောင်ရွက်လေ့ရှိပြီး ယင်းမူဝါဒများသည်လည်း ၎င်းတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားများကို မြှင့်တင်နိုင်စေရန် ရည်ရွယ်ထားသည့် စည်းမျဉ်းများ ဖြစ်သည်ဟု

ဆိုရပါမည်။ ထို့ကြောင့် နိုင်ငံနှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး (Bilaterally) ကိုဖြစ်စေ၊ နိုင်ငံပေါင်းစုံမိတ်ဖက်ဆက်ဆံရေး (Multilaterally) ကိုဖြစ်စေ လေ့လာကြည့်မည်ဆိုပါက နိုင်ငံများအနေဖြင့် အလွန်ထိရောက်သောနည်းလမ်းများကို အသုံးပြု၍ အခြားနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးနိုင်ရန်နှင့် မိမိတို့နိုင်ငံ၏ အမျိုးသားရေးမူဝါဒများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ကြိုးပမ်းမှုများကို ထင်ထင်ရှားရှားတွေ့မြင်နေရပါသည်။[1] ထို့ကြောင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နှင့် နိုင်ငံခြားရေးမူဝါဒသည် ခွဲခြားမရဘဲ တစ်သားတည်းတည်ရှိနေသည့် နိုင်ငံရေးလှုပ်ရှားမှုဖြစ်ရပ်များပင် ဖြစ်သည်ဟု ဆိုနိုင်ပါမည်။

## ပြောင်းလဲလာမည့် အမေရိကန်နိုင်ငံခြားရေးမူဝါဒအပေါ် နှိုင်းယှဉ်သုံးသပ်ချက်များ

၅။ အမေရိကန်နိုင်ငံ၏ ပြောင်းလဲလာနိုင်မည့်နိုင်ငံခြားရေးမူဝါဒဟုဆိုရာတွင် အမေရိကန်၏ (၄၅) ယောက်မြောက် သမ္မတဒေါ်နယ်ထရမ့်သည် ရီပက်ဘလစ်ကန်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရခဲ့သူဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော သမ္မတသစ်ဂျိုးဘိုင်ဒင်မှာမူ ဒီမိုကရက်တစ်ပါတီမှဖြစ်၍ ၎င်းတို့နှစ်ဦး၏ အယူဝါဒများ၊ နိုင်ငံရေးခံယူချက်များမှာ များစွာကွဲပြားနိုင်ပါသည်။ ထို့အပြင် သမ္မတသစ်ဂျိုးဘိုင်ဒင်သည် ဒီမိုကရက်တစ်ပါတီမှ သမ္မတဟောင်းဖြစ်သည့် အိုဘားမားလက်ထက်တွင် ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်အတွက် ၎င်း၏ နိုင်ငံရေးအတွေ့အကြုံများ၊ လုပ်ဆောင်ချက်များမှာ ပိုမိုထိရောက်စွာ စွမ်းဆောင်နိုင်ခြင်း ရှိ/ မရှိ ကို ဆန်းစစ်ကြရမည်ဖြစ်ပါသည်။

၆။ သမ္မတဒေါ်နယ်ထရမ့်လက်ထက်တွင် အမေရိကန်၏ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာမူဝါဒများအပေါ် ပိုမိုအလေးထားခဲ့သော်လည်း သမ္မတသစ်ဂျိုးဘိုင်ဒင်မှာမူ ပျော့ပျောင်းသည့်အာဏာကိုကျင့်သုံးကာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်များတွင် ပိုမိုအာရုံစိုက်၍ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ခေါင်းဆောင်မှုကို ဦးတည်သွားရန်ရည်ရွယ်

---

[1] Jesmine Ahmed, The Theoretical Significance of Foreign Policy in International Relations– An Analyses, Journal of Critical Reviews, Vol 7, Issue 2, 2020, 9 November 2019 http://www. jcreview.com/fulltext/197-1583132694.pdf မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

ထားကြောင်း သိရှိရပါသည်။[2] နိုင်ငံခြားရေးမူဝါဒများအပေါ်အခြေခံ၍ နိုင်ငံရေးတွင် မိတ်ဖက်၊ ရန်သူ ဆက်ဆံရေးများကို ပေါ်ပေါက်လာစေသည့်အတွက် ထိုကဲ့သို့ အလှည့်အပြောင်းကာလရှိ ခေါင်းဆောင်နှစ်ဦး၏ ကွဲပြားသည့်မူဝါဒများကို သိရှိနိုင်စေရန် အောက်ပါအတိုင်း လေ့လာသုံးသပ်ဖော်ပြထားပါသည်။

(က) **အမေရိကန်သမ္မတဟောင်းဒေါ်နယ်ထရမ့်အစိုးရလက်ထက် နိုင်ငံခြားရေးမူဝါဒ**

(၁) ဒေါ်နယ်ထရမ့်သည် ၎င်း၏သမ္မတသက်တမ်းအတွင်း နိုင်ငံတကာကုန်သွယ်ရေးနှင့် သံတမန်ဆက်ဆံရေးအခန်းကဏ္ဍတို့တွင် "အမေရိကန်ဦးစားပေးဝါဒ" (America First) ကို ကျင့်သုံး၍ အမေရိကန်၏ အကျိုးစီးပွားကိုသာ ရှေ့တန်းတင်ခဲ့သည်။ ထို့အပြင် လုံခြုံရေးအခန်းကဏ္ဍတွင်လည်း ပြည်ပရှိအကြမ်းဖက်အုပ်စုများကို တိုက်ခိုက်ခြင်း၊ နယ်စပ်ကာကွယ်ရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်း၊ အမေရိကန်စစ်တပ်၏ အင်အားကိုပိုမိုချဲ့ထွင်ခြင်း၊ ရွှေ့ပြောင်းသွားလာသူများအား ထိန်းချုပ်ကန့်သတ်ခြင်းတို့ကို ပြုလုပ်ခဲ့သည့်အတွက် ဒေါ်နယ်ထရမ့်အစိုးရသည် "တံခါးပိတ်ဝါဒ" (Isolationism) ကို ကျင့်သုံးလျက်ရှိကြောင်း ပညာရှင်များကသုံးသပ်ကြပါသည်။[3]

(၂) ဒေါ်နယ်ထရမ့်၏ တံခါးပိတ်ဝါဒသည် အမေရိကန်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးများကို အားနည်းယုတ်လျော့စေခဲ့ပါသည်။ ယင်းလုပ်ရပ်များတွင် ပါရီရာသီဥတုသဘောတူစာချုပ် (Paris Climate Accord)၊ အီရန်- နျူကလီးယား သဘောတူစာချုပ် (JCPOA)၊ ပစိဖိတ်သမုဒ္ဒရာ ကုန်သွယ်ရေးသဘောတူစာချုပ် (TPP)၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (UNESCO)၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (UNHRC)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့်

---

[2] Nancy A. Fischer, Elizabeth Vella Moeller, Matthew Oresman, Trump vs. Biden: A Foreign Policy Brief, Pillsbury, 28 October 2020 https://www.pillsburylaw.com/en/news-and-insights/foreign-policy-biden-trump-election.html မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

[3] Domenico Montanaro, The Trump Foreign Policy Doctrine — In 3 Points, 20 January, 2017 https://www.npr.org/2017/01/20/510837911/the-trump-foreign-policy-doctrine-in-3-points မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

အခြားအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များမှ နုတ်ထွက်ခဲ့သည့်အတွက် အမေရိကန်၏ ကမ္ဘာကြီးအပေါ်လွှမ်းမိုးမည့် ရည်မှန်းချက်များနှင့် အလှမ်းဝေးလာခဲ့ပါသည်။[4]

**(ခ) အမေရိကန်သမ္မတသစ်ဂျိုးဘိုင်ဒင်အစိုးရလက်ထက် ပြောင်းလဲလာမည့် နိုင်ငံခြားရေးမူဝါဒ**

(၁) ဂျိုးဘိုင်ဒင်အနေဖြင့် အမေရိကန်သည် ပြည်တွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ ဂုဏ်သိက္ခာရှိစွာဖြင့် ဦးဆောင်ဦးရွက်ပြုနိုင်သော နိုင်ငံခြားရေးမူဝါဒကို ပြန်လည်ကျင့်သုံးမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စံသတ်မှတ်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မဟာမိတ်အသစ်များဖွဲ့စည်းကာ ၎င်းတို့၏ ဒီမိုကရေစီကို ပြန်လည်မွမ်းမံပြင်ဆင်မည်ဖြစ်ပါကြောင်း ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်တွင် နယူးယောက်မြို့၌ မဲဆွယ်စည်းရုံးရာတွင် ၎င်း၏ နိုင်ငံခြားရေးမူဝါဒနှင့် စပ်လျဉ်း၍ ထည့်သွင်းပြောကြားခဲ့ပါသည်။[5]

(၂) ထို့အပြင် ဂျိုးဘိုင်ဒင်သည် နိုင်ငံအားလုံးအတွက် စိန်ခေါ်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲခြင်း၊ နျူကလီးယားလက်နက်ပြန့်ပွားခြင်း၊ နိုင်ငံကြီးများ၏ ကျူးကျော်ခြိမ်းခြောက်ခြင်း၊ နယ်စပ်ဖြတ်ကျော်အကြမ်းဖက်မှုများပြုလုပ်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းသွားလာခြင်းတို့ကို ရင်ဆိုင်အဖြေရှာရန် ကမ္ဘာတစ်ဝှမ်းရှိနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေါ်နယ်ထရမ့်လက်ထက်တွင် နိုင်ငံ၏ဂုဏ်သိက္ခာ ကျဆင်းစေခဲ့သည့်လုပ်ရပ်များနှင့် အခြေအနေများကို ပြန်လည်အဖတ်ဆယ်၍ ကမ္ဘာ့နိုင်ငံများနှင့် အတူလက်တွဲကာ ဘုံရည်မှန်း

[4] Michael R. Lehnert and Richard L. Kelly, Trump's dangerous isolationism weakens USA and strengthens our adversaries: Retired generals, USA Today, 26 October 2020 https://www.usatoday.com/story/opinion/2020/10/26/trump-international-relations-danger-isolation-policies-column/3726323001/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

[5] THE POWER OF AMERICA'S EXAMPLE: THE BIDEN PLAN FOR LEADING THE DEMOCRATIC WORLD TO MEET THE CHALLENGES OF THE 21ST CENTURY, 11 July, 2019 https://joebiden.com/americanleadership/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်းကိုလည်း မဲဆွယ်ရာတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။[6]

**အာရှ- အမေရိကန် ဆက်ဆံရေး**

၇။ အာရှ– အမေရိကန်ဆက်ဆံရေးဟုဆိုရာတွင် ဒေသတွင်းအင်အားကြီးနိုင်ငံကြီးများဖြစ်သည့် တရုတ်၊ အိန္ဒိယတို့အပြင် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် မြောက်ကိုရီးယားနှင့် အမေရိကန်တို့၏ဆက်ဆံရေးကို အထူးအလေးထားလေ့လာရမည်ဟုထင်မြင်မိပါသည်။ သမ္မတဒေါ်နယ်ထရမ့် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ အာရှ၏အသက်သွေးကြောဖြစ်သည့် နိုင်ငံတကာကုန်သွယ်ရေးတွင် ၎င်းအနေဖြင့် ဖိအားများစွာကြုံတွေ့ခဲ့ရပြီး အာရှနှင့်ပတ်သက်၍ တင်းမာပြတ်သားသည့် လမ်းကြောင်းကိုရွေးချယ်ခဲ့သည်။ ထို့အပြင် ဒေါ်နယ်ထရမ့်၏လက်ထက်တွင် တရုတ်–အမေရိကန် ဆက်ဆံရေးသည် ကျဆင်းသွားခဲ့ပြီး လွန်ခဲ့သောလေးနှစ်အတွင်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ အခွန်များတိုးမြှင့်သတ်မှတ်ခြင်း၊ နည်းပညာကုမ္ပဏီများ၊ သံတမန်များ၊ ဂျာနယ်လစ်များအား ကန့်သတ်ခြင်း၊ ကောင်စစ်ဝန်ရုံးများအား ပိတ်ပစ်ခြင်း၊ တောင်တရုတ်ပင်လယ်ပြင်အတွင်း စစ်အင်အားပြိုင်ဆိုင်ခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။[7]

၈။ တရုတ်၏ နည်းပညာကုမ္ပဏီကြီးဖြစ်သည့် ဟွာဝေး (Huawei) ကိုအမည်ပျက်စာရင်းတွင် ထည့်သွင်း၍ ဖုန်းနှင့်ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိသည့် အမေရိကန်ကုမ္ပဏီ Wist Plastic and Metal Technology မှ ဝယ်ယူခြင်းအား ပိတ်ပင်ခြင်းများပြုလုပ်ခဲ့ပါသည်။ တရုတ်နှင့်အမေရိကန်တို့၏ ကုန်သွယ်ရေးစစ်ပွဲကြောင့် Huawei ကုမ္ပဏီ၏ လုပ်ငန်းချဲ့ထွင်ရေးတွင် ထိခိုက်မှုများကို ဖြစ်စေသကဲ့သို့ Huawei နှင့် ဆက်စပ်လုပ်ကိုင်နေသည့် ကုမ္ပဏီများကိုလည်း နစ်နာမှုများ ဖြစ်စေခဲ့ပါသည်။ ထို့အပြင် ကုန်သွယ်ရေးစစ်ပွဲ၏ အကျိုးဆက်အနေဖြင့် အမေရိကန်တွင် စားသုံးသူများအနေဖြင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်သမား

[6] Sydney Ember and Katie Glueck, Biden, in Foreign Policy Speech, Castigates Trump and Urges Global Diplomacy, 11 July, 2019 https://www.nytimes.com/2019/ 07/11/us/politics/joe-biden-foreign-policy.html မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

[7] Ben Westcott, China looms as Biden's biggest foreign policy challenge. Here's where he stands, CNN, 17 November, 2020 https://edition.cnn.com /2020/11/ 15/asia/biden-china-policy-trump-us-intl-hnk/index.html မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

များအတွက် ငွေကြေးအခက်အခဲများဖြစ်ပေါ်စေခြင်း စသည့်အခက်အခဲများ ရှိလာခဲ့ပါသည်။[8] ထို့အပြင် ဒေါ်နယ်ထရမ့်အစိုးရလက်ထက်တွင် တောင်တရုတ်ပင်လယ်အတွင်း တရုတ်၏ တောင်းဆိုမှုအများစုကို တရားမဝင်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက်[9] ပင်လယ်ပြင်အတွင်း စစ်ရေးပြိုင်ဆိုင်မှုများကို ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်းများရှိခဲ့ပါသည်။

၉။ သို့သော် သမ္မတသစ်ဂျိုးဘိုင်ဒင်လက်ထက်တွင်မူ ကုန်သွယ်ရေးကဏ္ဍကိုမြှင့်တင်ရန် ပိုမို လိုလားသောကြောင့် ကုန်သွယ်ရေးလိုငွေပြမှုများ လျော့နည်းသွားမည်ဟု မျှော်လင့်ကြသည်။ ဂျိုးဘိုင်ဒင်အနေဖြင့် တရုတ်နှင့် မျှတသည့်ကုန်သွယ်ရေး (Fair Trade) လမ်းကြောင်းကို ဦးတည် သွားလိုပြီး အမေရိကန်အနေဖြင့် အကြီးစားဝယ်ယူမှုအစီအစဉ်များ (Buy America Plan) ဖြစ်သည့် တီထွင်ဆန်းသစ်မှုနှင့် နည်းပညာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် ရည်ရွယ် ထားကြောင်း သိရှိရပါသည်။[10] ဂျိုးဘိုင်ဒင်သည် ကုန်သွယ်ရေးနှင့် နည်းပညာကဏ္ဍတွင် ဒေါ်နယ် ထရမ့်လက်ထက်အတိုင်း တရုတ်နှင့် ဆက်လက်ယှဉ်ပြိုင်မှုများပြုလုပ်မည်ဖြစ်ပြီး နျူကလီးယား လက်နက်ပြန့်ပွားခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရာသီဥတုပြောင်းလဲခြင်းစသည့် ကမ္ဘာလုံး ဆိုင်ရာပြဿနာများကိုမူ အတူတကွပူးပေါင်းဖြေရှင်းကြမည်ဟု ခန့်မှန်းသုံးသပ်လျက်ရှိကြပါသည်။[11] တောင်တရုတ်ပင်လယ်အရေးကိစ္စတွင် ဂျိုးဘိုင်ဒင်သည် တရုတ်၏ လုပ်ဆောင်ချက်များကို ဟန့်တားနိုင်ရေးအတွက် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများနှင့် မဟာမိတ်ဖွဲ့၍ ဖိအားပေး သွားမည်ဟု ခန့်မှန်းကြပါသည်။ ထို့ကြောင့် ဂျိုးဘိုင်ဒင်သည် လက်တွေ့အခြေပြုချဉ်းကပ်နည်း (Pragmatic Approach) ကို အသုံးပြု၍ ဖိလစ်ပိုင်ကဲ့သို့ ပရိယာယ်ကြွယ်ဝသည့် မဟာမိတ်နိုင်ငံ

[8] Trump or Biden? What impact the US election result may have on Asia, CNA Insider, 31 October 2020 https://www.Channelnewsasia.com/news/cnainsider/donald-trump-joe-biden-impact-us-president-election-result-asia-13420666 မှရရှိပါသည်။ (ကြည့်ရှု သည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

[9] Statement by Secretary Michael R. Pompeo, U.S. Position on Maritime Claims in the South China Sea, US Embassy in Malaysia, 13 July, 2020 https://my.usembassy.gov/u-s-position-on-claims-in-south-china-sea-071420/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

[10] Richard Maude, Joe Biden’s Foreign Policy— What Can We Expect?, Asia Society, 12 November,2020 https://asiasociety.org/australia/joe-bidens-foreign-policy-what-can-we-expect မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

[11] Kristin Huang, Under Joe Biden, US and China could work together on Covid-19, climate change, analysts say, 10 November, 2020 https://www.scmp.com/news/china/diplomacy/article/3109266/under-joe-biden-us-and-china-could-work-together-covid-19 မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

များနှင့်ပူးပေါင်းကာ တရုတ်၏ တောင်တရုတ်ပင်လယ်အတွင်းကျင့်သုံးမည့် မဟာဗျူဟာများကို တားဆီးမည်ဟု မျှော်လင့်ရပါသည်။[12]

၁၀။ အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးတွင်မူ ဂျိုးဘိုင်ဒင်အစိုးရသည် ဒေါ်နယ်ထရမ့်လက်ထက်တွင်ရရှိခဲ့သည့် အိန္ဒိယ- အမေရိကန်ဆက်ဆံရေး၏ အကျိုးအမြတ်များကို ဆက်လက်ထိန်းသိမ်းသွားနိုင်ချေရှိပြီး မူဝါဒများထပ်မံပြောင်းလဲမည့် အလားအလာများကို မတွေ့ရပါ။ သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက်တွင် နှစ်နိုင်ငံအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ချက်များအနေဖြင့် ဆက်သွယ်ရေးပူးပေါင်းမှုနှင့် လုံခြုံရေးဆိုင်ရာ သဘောတူစာချုပ် (COMCASA)၊ စက်မှုလုံခြုံရေးပူးပေါင်းဆောင်ရွက်မှု (ISA) နှင့် များစွာသော လက်နက်အရောင်းအဝယ်စာချုပ်များကို ချုပ်ဆိုနိုင်သကဲ့သို့ စစ်ရေးပူးပေါင်းလေ့ကျင့်မှုများကိုလည်း ပြုလုပ်ခဲ့ကြသည့်အတွက် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးပွားလာခဲ့သည်ဟု သုံးသပ်ကြပါသည်။ ထို့ကြောင့် ဂျိုးဘိုင်ဒင်သည် ဒေါ်နယ်ထရမ့်လက်ထက်တွင် ကောင်းမွန်ခဲ့သည့် အိန္ဒိယ- အမေရိကန်ဆက်ဆံရေးကိုအခြေခံ၍ တရုတ်၏ ဒေသတွင်းစိုးမိုးခြယ်လှယ်မှုများကိုတုံ့ပြန်ရန် အိန္ဒိယအားကျောထောက်နောက်ခံပြုမည်ဟု မျှော်လင့်ကြပါသည်။ ထို့အပြင် ဂျိုးဘိုင်ဒင်နှင့် ၎င်း၏အကြံပေးပုဂ္ဂိုလ်များသည် အိန္ဒိယနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဒေါ်နယ်ထရမ့်လက်ထက်ကထက် ပိုမိုမြှင့်တင်မည်ဟုလည်း အရိပ်အမြွက်ဖော်ပြထားခြင်းများ ရှိခဲ့ပါသည်။[13]

၁၁။ ဒေါ်နယ်ထရမ့်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် အဆင့်မြင့်ထိပ်သီးအစည်းအဝေး နှစ်ကြိမ်တိုင်တိုင် ပြုလုပ်နိုင်ခဲ့သော်လည်း မြောက်ကိုရီးယားထံမှ နျူကလီးယားလက်နက်ဖျက်သိမ်းစွန့်လွှတ်ရေးနှင့်သက်ဆိုင်သည့် ခိုင်မာသောကတိကဝတ်များကို ထုတ်ပြန်ပေးနိုင်ခဲ့ခြင်းမရှိပါ။ ဂျိုးဘိုင်ဒင်လက်ထက်တွင် မြောက်ကိုရီးယားနိုင်ငံနှင့် ထိပ်သီးအစည်းအဝေးများ၌ ကြီးမားသည့် အပေးအယူသဘောတူညီချက်များထက် အလုပ်သဘောအဆင့်ဆွေးနွေး

[12] Richard Javad Heydarian, Biden, Duterte and the Future of the South China Sea Disputes, US& China Focus, 27 November, 2020 https://www.chinausfocus.com/foreign-policy/biden-duterte-and-the-future-of-the-south-china-sea-disputes မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

[13] Dr. Bappaditya Mukherjee, Joe Biden’s foreign policy priorities and interests: Implications for India, Financial Express, 21 December 2020, https://www.financialexpress.com/defence/joe-bidens-foreign-policy-priorities-and-interests-implications-for-india/2154167/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

မှုများကို ပြုလုပ်သွားနိုင်ကြောင်း နိုင်ငံရေးပညာရှင်အချို့က သုံးသပ်ကြပါသည်။[14] ထို့အပြင် မြောက်ကိုရီးယားအား နျူကလီးယားဖယ်ရှားရန် ဖိအားပေးနိုင်ရေးအတွက် ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် တရုတ်နိုင်ငံအပါအဝင် အခြားသောမဟာမိတ်နိုင်ငံများနှင့် အတူတကွပူးပေါင်း ဆောင်ရွက်လိုကြောင်း ဂျိုးဘိုင်ဒင်က ၎င်း၏မူဝါဒကိုထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် ဂျိုးဘိုင်ဒင်သည် အာရှဒေသအတွင်း လက်နက်ထိန်းချုပ်မှုများကို ရုရှားနှင့်အတူ ပူးပေါင်းဆောင်ရွက်ပြီး တင်းကျပ်လိုကြောင်း ၎င်း၏ သဘောထားကို ဖော်ပြထားပါသည်။

၁၂။ ဒေါ်နယ်ထရမ့်၏နိုင်ငံခြားရေးမူဝါဒသည် အာရှဒေသတွင်းနိုင်ငံများအပေါ် အာရုံစိုက်မှု နည်းပါးခဲ့သည့်အတွက် တရုတ်၏စီမံကိန်းများလျင်မြန်စွာ အကောင်အထည်ဖော်လာနိုင်ကြောင်း အမေရိကန်နိုင်ငံရေးသုံးသပ်သူများက ဝေဖန်ထားကြသည်။ ဒေါ်နယ်ထရမ့်အနေဖြင့် အာရှဒေသအတွင်း ဂျပန်၊ အိန္ဒိယနှင့် ဩစတြေးလျနိုင်ငံတို့အား စစ်ရေးအရပေါင်းစည်းမှုကို ပြုလုပ်ပေးနိုင်ခဲ့သော်လည်း ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်းများတွင် များစွာအားနည်းခဲ့ပါသည်။ ထို့အပြင် အမေရိကန်- အာဆီယံ ထိပ်သီးအစည်းအဝေးများကိုလည်း ကိုယ်တိုင်တက်ရောက်ခဲ့ခြင်းမရှိဘဲ ကိုယ်စားလှယ်အဖွဲ့များကိုသာစေလွှတ်ခဲ့၍ ဒေါ်နယ်ထရမ့်အစိုးရနှင့် အာရှခေါင်းဆောင်များအကြား ဆက်ဆံရေးမှာ တဖြည်းဖြည်းသွေးအေးလာခဲ့သည်။[15] တရုတ်၏ ဒေသတွင်းအာဏာကြီးထွားလာမှုသည် ဂျိုးဘိုင်ဒင်အစိုးရလက်ထက်တွင် အဓိကရင်ဆိုင်ရမည့် စိန်ခေါ်မှုတစ်ခုဖြစ်နေခဲ့ပြီး ဂျိုးဘိုင်ဒင်သည် အမေရိကန်၏ နည်းပညာတိုးတက်မှုကို ထိပ်ဆုံးသို့ ရောက်ရှိစေရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအပေါ် ဒေါ်နယ်ထရမ့်အစိုးရထက် ပိုမို၍ ဖိအားများပေးနိုင်ရန် မဟာမိတ်နိုင်ငံများနှင့် နီးကပ်စွာဆက်ဆံ၍ လုပ်ဆောင်သွားမည့် အနေအထားတွင်ရှိနေပါသည်။[16]

[14] အာရှဒေသဆိုင်ရာ အမေရိကန်မူဝါဒကို ဂျိုးဘိုင်ဒင် ချက်ချင်းလက်ငင်း ပြောင်းလဲနိုင်သည့် လမ်းကြောင်း ၃ ခု, Mizzima News, 15 November 2020, https://www.mizzimaburmese.com/article/75648 မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

[15] ရှိန်းထက်၊ ဂျိုးဘိုင်ဒင်လက်ထက်တွင် အရှေ့ဗဟိုပြုဝါဒ ပြန်လည်အသက်ဝင်လာနိုင်သည့် အာရှဒေသ၊ MWD Webportal၊ https://myawady.net.mm/node/4624 မှရရှိ ပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

[16] President–Elect Biden on Foreign Policy, Council on Foreign Relations, 7 November, 2020 https://www.cfr.org/election2020/candidate-tracker မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

## ရုရှား- အမေရိကန် ဆက်ဆံရေး

၁၃။ ၂၀၁၄ ခုနှစ်တွင် ရုရှားက ခရိုင်းမီးယားဒေသ (Crimea) ကို ကျူးကျော်သိမ်းပိုက်ခြင်းနှင့် ၂၀၁၆ ခုနှစ် အမေရိကန်ရွေးကောက်ပွဲတွင် ရုရှားက ဝင်ရောက်စွက်ဖက်ခြင်းများပြုလုပ်သည့် အချိန်မှစ၍ ရုရှား– အမေရိကန် ဆက်ဆံရေးသည် စစ်အေးကာလပြီးဆုံးသည့်အချိန်ကကဲ့သို့ပင် တိုးတက်မှု လုံးဝမရှိခဲ့ပါ။ ရုရှားသမ္မတပူတင်အနေဖြင့် အမေရိကန်၏ နောင်တက်လာမည့် သမ္မတအသစ်မှာ ရုရှားဆန့်ကျင်ရေးသမားတစ်ဦးဖြစ်ကြောင်း[17] မှတ်ချက်ပြုခဲ့ပြီး ဂျိုးဘိုင်ဒင် ကလည်း ရွေးကောက်ပွဲကာလအတွင်း ရုရှားသည် အမေရိကန်နိုင်ငံလုံခြုံရေး၏ အကြီးမားဆုံး အန္တရာယ်ဖြစ်ကြောင်း ဖွင့်ဟခဲ့ပါသည်။[18]

၁၄။ ရုရှားနိုင်ငံသည် စီးပွားရေးကျဆင်းခြင်း၊ ရေနံကိုသာ အခြေခံသည့် စီးပွားရေးနှင့် ဒုတိယ အကြီးဆုံးစစ်အင်အားကို ပိုင်ဆိုင်ထားခြင်း၊ စိတ်ဓာတ်ကျဆင်းပျက်ပြားနေသော ပြည်သူများနှင့် အကျင့်ပျက်ခြစားနေသည့် အုပ်ချုပ်ရေးစနစ်များကြောင့် အနောက်နိုင်ငံများကို ယှဉ်ပြိုင်နိုင်စွမ်း မရှိဖြစ်နေခြင်းတို့အပြင် ရုရှားနိုင်ငံ၏မူဝါဒများသည် အနောက်နိုင်ငံများ၏ နိုင်ငံရေးကို ရိုက်ခတ် စေခြင်း၊ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO) နှင့် ဥရောပသမဂ္ဂ (EU) ကဲ့သို့ အဖွဲ့အစည်း ကြီးများ၏ ညီညွတ်မှုကိုထိခိုက်စေခြင်း၊ လွတ်လပ်သည့် ကမ္ဘာ့အစီအစဉ်များကို ကမောက်ကမ ဖြစ်စေခြင်းတို့ကို ရည်ရွယ်နေပါကြောင်း ဂျိုးဘိုင်ဒင်က ၎င်း၏အမြင်ကို ထုတ်ဖော်ပြောဆိုခဲ့ ပါသည်။ သို့သော် ဂျိုးဘိုင်ဒင်အနေဖြင့် ရုရှားအပေါ်တွင် လုံးဝလက်လျှော့သွားခြင်းမျိုးမဟုတ်ဘဲ နောင်လာမည့်အနာဂတ်တွင် ၎င်းတို့ခေါင်းဆောင်နှစ်ဦးအကြား ဖြစ်ပေါ်လာနိုင်သည့် အခွင့် အလမ်းသစ်များကို အတူတကွလုပ်ဆောင်သွားရန် မျှော်လင့်လျက်ရှိပါသည်။ ဂျိုးဘိုင်ဒင်၏ အမြင်အရ ရုရှားကိုပစ်ပယ်ထားပါက အမေရိကန်နိုင်ငံသည် တစ်ချိန်ချိန်တွင် အန္တရာယ်ရှိလာ နိုင်သည့်အတွက် ဂျိုးဘိုင်ဒင်၏ ရုရှားမူဝါဒမှာ နောင်လာမည့် ရုရှား၏လှုပ်ရှားဆောင်ရွက်မှု များတွင် အမေရိကန်အနေဖြင့် ပါဝင်စွက်ဖက်လာနိုင်စေရေးကို ကြိုးပမ်းမည့်အနေအထား

[17] David Brennan, Putin Says He Wants to Work With Biden, Claims 'Shared Values' Between Democrats and Communism, Newsweek, 10 August, 2020 https://www.newsweek.com/vladimir-putin-says-wants-work-joe-biden-claims-shared-values-between-democrats-communism-1537501 မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

[18] Reuter Staffs, Kremlin accuses Joe Biden of spreading hatred of Russia with threat talk, Reuters, 26 October 2020 https://www.reuters.com/article/us-usa-election-kremlin-idUSKBN27B13B မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့မှသာ ရုရှားအား အနီးကပ်စောင့်ကြည့်နိုင်ပြီး ပိုမိုဖိအား ပေးနိုင်မည်ဖြစ်ပါသည်။[19]

## ဥရောပသမဂ္ဂ- အမေရိကန် ဆက်ဆံရေး

၁၅။ ဂျိုးဘိုင်ဒင် အမေရိကန်သမ္မတဖြစ်လာခြင်းသည် ဥရောပသမဂ္ဂ (EU) နှင့် အမေရိကန် တို့အတွက် ၎င်းတို့ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်ဖြေရှင်းရန် ပိုမိုလွယ်ကူ မည့် အလားအလာရှိနိုင်ပါသည်။ ဂျိုးဘိုင်ဒင်သည် ဒေါ်နယ်ထရမ့်ကဲ့သို့မဟုတ်ဘဲ နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် ယုံကြည်အားကိုးသူတစ်ဦးဖြစ်သည့်အတွက် EU ဖြစ်စေ၊ NATO ဖြစ်စေ မည်သည့်အဖွဲ့အစည်းကိုမဆို ထိခိုက်သည့်လုပ်ရပ်မျိုးကို ဦးတည်လိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် ဂျိုးဘိုင်ဒင်လက်ထက်တွင် EU အနေဖြင့် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်ရမည့် နယ်ပယ် များစွာရှိလာနိုင်ပြီး ရှေးဦးစွာ ကိုဗစ်– ၁၉ ကပ်ရောဂါနှင့် စပ်လျဉ်း၍ ညှိနှိုင်းအဖြေရှာရမည့် ကိစ္စရပ်မှာ အဓိကဦးစားပေး ဖြစ်ပါသည်။ ပူးပေါင်းဆောင်ရွက်ရမည့် စိန်ခေါ်မှု (၄) ခုမှာ (၁) စီးပွားရေးနှင့် ကုန်သွယ်ရေး၊ (၂) လုံခြုံရေးနှင့် ကာကွယ်ရေး၊ (၃) တန်ခိုးကြီးထွားလာသည့် တရုတ်၏အန္တရာယ်နှင့် (၄) ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာပြဿနာများ ဖြစ်ကြပါသည်။ ဂျိုးဘိုင်ဒင်သည် ပါရီသဘောတူစာချုပ်တွင် ပြန်လည်ပါဝင်ရန် ရည်ရွယ်ထားသည့်အတွက် ရာသီဥတုပြောင်းလဲခြင်းပြဿနာတွင်လည်း အတ္တလန္တိတ်သမုဒ္ဒရာဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု ချဉ်းကပ်နည်း (Transatlantic Approach) ဖြင့် ကိုင်တွယ်သင့်သည်ဟု သုံးသပ်ကြပါသည်။

၁၆။ NATO နှင့်ပတ်သက်၍ ဒေါ်နယ်ထရမ့်၏မူဝါဒမှာ အဖွဲ့ဝင်မဟာမိတ်နိုင်ငံများအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်များကို ပိုမိုတိုးမြှင့်ပေးမှသာလျှင် ၎င်းတို့၏လုံခြုံရေးအတွက် တာဝန်ယူ စောင့်ရှောက်ကာကွယ်ပေးနိုင်မည်ဟူ၍ ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် ဝေးလ်ပြည်နယ်၌ ကျင်းပသည့် NATO ၏ ထိပ်သီးညီလာခံတွင် ကာကွယ်ရေးအသုံးစရိတ်ကို GDP ၏ (၂) ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ခဲ့ပြီး ထိုသတ်မှတ်ချက်နှင့် မကိုက်ညီသည့်နိုင်ငံများကို ဒေါ်နယ် ထရမ့်သည်အပြင်းအထန် ထိုးနှက်တိုက်ခိုက်ခဲ့ပါသည်။ သို့သော် မဟာမိတ်နိုင်ငံများနည်းတူ

[19] Dmitry Trenin, Joe Biden's Foreign Policy and Russia, the Moscow Times, 19 November 2020 https://www.themoscowtimes.Com /2020/11/19/joe-bidens-foreign-policy-and-russia-a72096 မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

အမေရိကန်ပြည်သူများအနေဖြင့်လည်း ဒေါ်နယ်ထရမ့်၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းရန် မစွမ်းနိုင်ခဲ့ပါ။ ထို့အပြင် ဒေါ်နယ်ထရမ့်၏ ထိုကဲ့သို့ အပေးအယူသဘောမျိုး (Transactional Approach) ဖြင့် ချဉ်းကပ်သည့် မဟာမိတ်နိုင်ငံရေးနှင့် စပ်လျဉ်းသည့်မူဝါဒသည် အမေရိကန် အပါအဝင် မိတ်ဖက်နိုင်ငံများ၏ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကို ပိုမိုမြင့်တက်စေခဲ့ကြောင်း တွေ့ရှိရပါသည်။[20]

၁၇။ ဒေါ်နယ်ထရမ့်လက်ထက်တွင် EU ၏လုံခြုံရေးမှာ သိသိသာသာထိခိုက်လာခဲ့ပြီး NATO မရှိလျှင် အမှန်တကယ်ထိထိရောက်ရောက်အရေးယူနိုင်မည့် လုံခြုံရေးဆောင်ရွက်ချက်ရှိနိုင်မည် မဟုတ်သကဲ့သို့ ပဋိပက္ခများကိုလည်း ကြားဝင်ဖြေရှင်းနိုင်မည်မဟုတ်ပါ။ ဂျိုးဘိုင်ဒင်အနေဖြင့် EU နိုင်ငံများနှင့် အမေရိကန်အကြား ကာကွယ်ရေးကဏ္ဍတွင် NATO နှင့် ၎င်း၏မဟာမိတ်များအပေါ် ပိုမိုမှီခိုလာနိုင်ခြေရှိပြီး ဥရောပဥ္စဖြန့်ကျက်ထားသည့် NATO တပ်အချို့ကို ဆုတ်ခွာခိုင်းခဲ့သည့် ဒေါ်နယ်ထရမ့်၏ဆုံးဖြတ်ချက်နှင့် ပတ်သက်၍လည်း ပြန်လည်သုံးသပ်မည်ဟု သိရှိရပါသည်။ သို့သော် ဂျိုးဘိုင်ဒင်အနေဖြင့် ဒေါ်နယ်ထရမ့်လက်ထက်တွင် ချမှတ်ခဲ့သည့်အတိုင်း NATO ၏ ကာကွယ်ရေးအသုံးစရိတ်အတွက် ဥရောပနိုင်ငံအသီးသီးက GDP ၏ (၂) ရာခိုင်နှုန်းသုံးစွဲရန် ပျော့ပျောင်းစွာ ဖိအားပေးလာနိုင်မည့်အလားအလာ ရှိပါသည်။ ကိုဗစ်- ၁၉ ရိုက်ခတ်မှု၏ စီးပွားရေးအကျိုးဆက်များကြောင့် ဥရောပနိုင်ငံများအနေဖြင့် ၎င်းအချက်ကိုလိုက်နာရန် အခက် အခဲရှိနိုင်သော်လည်း ကာကွယ်ရေးအသုံးစရိတ်ကို လုံးဝဖြတ်တောက်သည်အထိ ပြုလုပ်မည့် အနေအထားတွင်မရှိကြောင်း သုံးသပ်ကြပါသည်။[21]

၁၈။ ကုန်သွယ်ရေးကဏ္ဍတွင် အိုဘားမားလက်ထက်၌ရှိခဲ့သည့် EU- အမေရိကန် ပူးပေါင်း ဆောင်ရွက်မှုအခြေအနေသို့ ပြန်လည်တည်ဆောက်ရန် အချိန်များစွာကြာမြင့်နိုင်ပါသည်။ ဂျိုးဘိုင်ဒင်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO) နှင့် လုပ်ငန်းများပြန်လည် ဆောင်ရွက်ရန် ပြောကြားထားခြင်းရှိသော်လည်း အတ္တလန္တိတ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့်

---

[20] Bartosz Wisniewski, PISM, Impatient and Distracted: The United States and NATO Under Trump, Council of Councils, 4 May 2017 https://www.cfr.org/councilofcouncils/global-memos/impatient-and-distracted-united-states-and-nato-under-trump မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

[21] Ian Bond, PRESIDENT BIDEN: GOOD FOR EUROPE, BUT NOT A MIRACLE-WORKER, Centre for European Reform, 19 November, 2020 https://www.cer.eu/in-the-press/president-biden-good-europe-not-miracle-worker မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)ျ

ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်အဖွဲ့အစည်း (TTIP) နှင့် ပြန်လည်စေ့စပ်ညှိနှိုင်းမည်ဟု ဖော်ပြထားခြင်း မရှိသေးပါ။ ဂျိုးဘိုင်ဒင်၏ EU အပေါ်ထားရှိသည့် ကုန်သွယ်ရေးမူဝါဒမှာ ဒေါ်နယ်ထရမ့်၏ ကုန်သွယ်ခွန် တင်းကျပ်မှုများကို ဖယ်ရှားရန်နှင့် WTO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဈေးကွက် ပြုပြင်ပြောင်းလဲရေးကိုရှေးရှုပြီး WTO အား အရေးပါသည့်အဖွဲ့အစည်းအဖြစ် ပြန်လည်လှုပ်ရှား နိုင်စေရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။[22] EU အနေဖြင့်လည်း တရုတ်၏ မဟာဗျူဟာမြောက် စိန်ခေါ်မှုကို အနီးကပ်ပူးပေါင်းတုံ့ပြန်ခြင်းထက် အမေရိကန်နှင့် ဒီမိုကရေစီကို ကာကွယ် စောင့်ရှောက်ရေး၊ ကိုဗစ်- ၁၉ ကာကွယ်ဆေးရရှိနိုင်စေရေး၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး၊ ဒီဂျစ်တယ်စီးပွားရေးနှင့် ဉာဏ်ရည်တုတီထွင်ဆန်းသစ်မှု (AI) စသည့်ကဏ္ဍများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန် တောင်းဆိုထားပါသည်။[23]

၁၉။ ဒေါ်နယ်ထရမ့်၏မူဝါဒမှာမူ နိုင်ငံတကာအဖွဲ့အစည်းများမှ နှုတ်ထွက်ခဲ့သည့်အတွက် တစ်နိုင်ငံတည်းရပ်တည်လိုသော သဘောဆန္ဒရှိကြောင်းထင်ရှားပြီး ဂျိုးဘိုင်ဒင်မှာမူ ဘုံအကျိုး စီးပွားကို နားလည်သူပီပီ ဒေါ်နယ်ထရမ့်လက်ထက်က ခွဲထွက်ခဲ့သည့် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုများကို ပြန်လည်အကောင်အထည်ဖော်မည်ဟုယုံကြည်ရပါသည်။

**လက်တင်အမေရိက- အမေရိကန် ဆက်ဆံရေး**

၂၀။ လက်တင်အမေရိကနှင့်ပတ်သက်၍ ဒေါ်နယ်ထရမ့်၏ ဦးစားပေးရည်မှန်းချက်မှာ အမေရိကန်၏ နယ်စပ်မှဝင်ရောက်လာသည့် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသွားလာသူများကို ပိတ်ဆို့တားဆီးရန် ဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်နယ်ထရမ့်သည် မက္ကဆီကိုနယ်စပ်တွင် တံတိုင်း တည်ဆောက်၍ စစ်တပ်များဖြန့်ကျက်ထားရန်သာ အထူးအာရုံစိုက်ခဲ့ပြီး ထိုရွှေ့ပြောင်းသွားလာ သူများနှင့် စပ်လျဉ်းသည့်ပြဿနာအား ဒေသတွင်းနိုင်ငံများနှင့် အတူပူးပေါင်းကာ အဖြေရှာနိုင် မည့်နည်းလမ်းများကို ရှာဖွေရန်ကြိုးပမ်းအားထုတ်ခြင်း မရှိခဲ့ပါ။ ထို့အပြင် မက္ကဆီကိုနိုင်ငံ သည်လည်း အမေရိကန်-မက္ကဆီကိုနယ်စပ်မှ ဖြတ်ကျော်ဝင်ရောက်လာသူများ မရှိစေရေး

[22] Karel Lannoo, The Biden presidency is a last call for Europe, CEPS, 1 December, 2020 https://www.ceps.eu/the-biden-presidency-is-a-last-call-for-europe/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၅ ရက်)

[23] Real Power Online Media, ၂၀၂၁ အတွင်း ဂျိုးဘိုင်ဒင်ကိုစမ်းသပ်မယ့် ထိပ်သီးဆွေးနွေးပွဲ ၁၀ ခု, 2 January 2020, https://www.facebook.com/realpowermedia/posts/412266316889119 မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

ဒေါ်နယ်ထရမ့်၏ ဖိအားပေးမှုများကြောင့် ၎င်း၏ မူလရည်မှန်းချက်ဖြစ်သည့် ဆေးခြောက် မှောင်ခိုကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို လျစ်လျူရှုခဲ့ရပြီး နယ်စပ်တစ်လျှောက် အစောင့်တပ် များကို ဖြန့်ကျက်ထားရပါသည်။ ဤသို့ဖြင့် ဒေါ်နယ်ထရမ့်သည် လက်တင်အမေရိကနှင့် ပတ်သက်၍ အမေရိကန်ဦးစားပေးဟူသည့် အမျိုးသားရေးမူဝါဒကိုသာ ရှေ့တန်းတင်ထားခဲ့သည့် အတွက် ၎င်း၏အစိုးရသက်တမ်းတစ်လျှောက်တွင် လက်တင်အမေရိကအပေါ် အများအားဖြင့် လျစ်လျူရှုထားခဲ့သည်ကို တွေ့ရှိရပါသည်။[24]

၂၁။ ဂျိုးဘိုင်ဒင်သည် အိုဘားမားလက်ထက် ဒုတိယသမ္မတအဖြစ်တာဝန်ထမ်းဆောင်ခဲ့စဉ်က လက်တင်အမေရိကနှင့် ကာရေဘီယန်ကျွန်းစုနိုင်ငံများ (Caribbean) သို့ (၁၆) ကြိမ်တိုင်တိုင် သွားရောက်ခဲ့ဖူးသည်ဖြစ်ရာ ၎င်းဒေသအကြောင်း ပိုမိုနက်ရှိုင်းစွာသိရှိနိုင်မည်ဖြစ်သကဲ့သို့ လက်တင် အမေရိကအား အမေရိကန်၏အိမ်နောက်ဖေးဟု သဘောမထားဘဲ မဟာဗျူဟာကျသည့် အိမ်နီးချင်းဟုသတ်မှတ်နိုင်သည်ဖြစ်ကြောင်း ပညာရှင်များကသုံးသပ်ကြပါသည်။ ဂျိုးဘိုင်ဒင် အနေဖြင့် သမ္မတဒေါ်နယ်ထရမ့်လက်ထက်တွင် တောင်အမေရိကအပေါ် ကျင့်သုံးခဲ့သည့် "လျစ်လျူရှုခြင်းများ၊ ပြီးမြောက်ခြင်းမရှိခဲ့သည့်ချဉ်းကပ်နည်းများ" အားလုံးကို အဆုံးသတ်သွား မည်ဖြစ်ကြောင်းလည်း ထပ်လောင်းကတိပြုခဲ့ပါသည်။[25] ဂျိုးဘိုင်ဒင်သည် အမေရိကအလယ်ပိုင်းရှိ ဂွာတီမာလာ၊ ဟွန်ဒူးရပ်စ် နှင့် အယ်ဆဗေဒိုနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက် မှုများ၊ ဆင်းရဲနွမ်းပါးမှုနှင့် အကျင့်ပျက်ခြစားမှုများကို ကိုင်တွယ်ဖြေရှင်းရန်ရည်ရွယ်၍ ဒေါ်လာ ၄ ဘီလီယံ ကျခံသုံးစွဲပေးမည့် အစီအစဉ်တစ်ခုကိုလည်း အဆိုပြုထားပါသည်။ ရွှေ့ပြောင်းအလုပ် သမားများနှင့် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံများအပေါ်ထားရှိသည့် ဒေါ်နယ်ထရမ့်၏ အဆိုးမြင် ဝါဒီများကိုဖယ်ရှား၍ နိုင်ငံများအကြား အပြန်အလှန်လေးစားလိုက်နာမှုများနှင့် မိတ်ဖက်

[24] Frida Ghitis, Trump or Biden: Who's Better for Latin America, World Politics Review, 29 October 2020 https://www.worldpoliticsreview .com/articles/29175/trump-or-biden-who-s-better-for-latin-america မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

[25] Joe Biden Answers 10 Questions on Latin America, Americas Quarterly, 4 March, 2020, https://www.americasquarterly.org/article/ updated-2020-candidates-answer-10-questions-on-latin-america/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

ဆက်ဆံရေးကိုသာ ကျင့်သုံးမည်ဖြစ်ပါကြောင်း ဂျိုးဘိုင်ဒင်က လက်တင်အမေရိကအပေါ်ထားရှိမည့်မူဝါဒကို ကြေညာခဲ့ပါသည်။[26]

၂၂။ ဂျိုးဘိုင်ဒင်၏ လက်တင်အမေရိကအပေါ် အသိသာဆုံးပြောင်းလဲမှုမှာ ရွှေ့ပြောင်းသွားလာသူများနှင့် စပ်လျဉ်းသည့်မူဝါဒဖြစ်ပြီး ၎င်းအနေဖြင့် နိုင်ငံရေးခိုလှုံခွင့်နှင့်စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲမှုများပြုလုပ်မည်ဖြစ်ကြောင်းနှင့် အမေရိကန်- မက္ကဆီကိုနယ်စပ်တွင် ဒေါ်နယ်ထရမ့်လက်ထက်က “အရေးပေါ်အမျိုးသားရေးစီမံချက်” (National Emergency) အနေဖြင့် နယ်စပ်တံတိုင်းဆောက်လုပ်နေသည့် ကိစ္စရပ်များကိုလည်း ရပ်တန့်မည်ဖြစ်ပါကြောင်း အတိအလင်းဖော်ပြခဲ့ပါသည်။[27]

၂၃။ ဂျိုးဘိုင်ဒင်အနေဖြင့် လက်တင်အမေရိက၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် စိန်ခေါ်မှုများဖြစ်သည့် ရာဇဝတ်မှုများမှသည် သဘာဝဘေးအန္တရာယ်များအထိ ရင်ဆိုင်ဖြေရှင်းပေးနိုင်ရန် ပိုမိုအားထုတ်ရမည်ဖြစ်သကဲ့သို့ ဒေသတွင်းမိတ်ဖက်နိုင်ငံကြီးများဖြစ်ကြသည့် မက္ကဆီကို၊ ကိုလံဘီယာနိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းရမည့်ပြဿနာများကလည်း စောင့်ကြိုလျက်ရှိပါသည်။ အမှန်စင်စစ်ပင် ဂျိုးဘိုင်ဒင်အနိုင်ရရှိမှုသည် အနောက်နိုင်ငံများသာမက ကမ္ဘာ့နိုင်ငံအားလုံးအတွက် အမေရိကန်၏ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် နိုင်ငံခြားရေးမူဝါဒအသစ်တစ်ဖန်ပြန်လည်အသက်ဝင်လာသည်ဟု ယုံကြည်ကြပါသည်။ သမ္မတဒေါ်နယ်ထရမ့်အနေဖြင့် ဒီမိုကရေစီမဟာမိတ်များထက် အာဏာရှင်များနှင့် ပိုမိုသင့်မြတ်ကြောင်းဝန်ခံခဲ့ဖူးပြီး ၎င်း၏အမျိုးသားလုံခြုံရေးဆိုင်ရာမူဝါဒများသည်လည်း စံသတ်မှတ်ချက်များနှင့် မကိုက်ညီဘဲ အကွဲကွဲအပြားပြားဖြစ်စေခဲ့ပါသည်။ ဂျိုးဘိုင်ဒင်မှာမူ အာဏာရှင်စနစ်ကို ဆန့်ကျင်၍ ဒီမိုကရေစီအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်းနှင့် လတ်တလောဖြစ်ပွားလျက်ရှိသည့်

[26] Biden Harris, THE BIDEN PLAN TO BUILD SECURITY AND PROSPERITY IN PARTNERSHIP WITH THE PEOPLE OF CENTRAL AMERICA, https://joebiden.com/centralamerica/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

[27] Peter Schechter, What Can Latin America Expect from a Biden Administration?, Brink news, 2 December 2020, https://www.brinknews.com/what-can-latin-america-expect-from-a-biden-administration/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

ကမ္ဘာလုံးဆိုင်ရာပြဿနာများကို အဓိကထားကိုင်တွယ်ဖြေရှင်း၍ ကမ္ဘာကြီးကို ဦးဆောင်သွားမည်ဖြစ်ကြောင်း အခိုင်အမာဖော်ပြခဲ့ပြီး ဖြစ်ပါသည်။[28]

၂၄။ ဂျိုးဘိုင်ဒင်အနေဖြင့် လက်တင်အမေရိကတွင် ဖြစ်ပွားလျက်ရှိသည့် နိုင်ငံရေးလှိုင်းလေထန်ခြင်းများ၊ အယူဝါဒကွဲပြားမှုများ၊ ကာလရှည်ကြာစီးပွားရေးကျဆင်းမှုများ၊ ဆူပူအုံကြွမှုများနှင့် ကိုဗစ်ကပ်ဘေး အပြင်းအထန်ရင်ဆိုင်ခံစားနေရခြင်းများကို ပြန်လည်ကုစားပေးနိုင်ပါကဒေသတွင်း အမေရိကန်၏ ခေါင်းဆောင်မှုအခန်းကဏ္ဍကို ပြန်လည်မြှင့်တင်လာနိုင်မည့် အနေအထားများကို တွေ့မြင်ရပါသည်။[29]

**အရှေ့အလယ်ပိုင်း- အမေရိကန် ဆက်ဆံရေး**

၂၅။ အရှေ့အလယ်ပိုင်းဒေသသည် ပဋိပက္ခများနှင့်ပြည့်နှက်လျက်ရှိပြီး ယီမင်နှင့် ဆီးရီးယားနှစ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်၊ ပျက်စီးပြိုလဲလွယ်နိုင်ငံများဆိုင်ရာအညွှန်းကိန်း (Fragile States Index 2020) ၌ ထိပ်ဆုံး (၅) နိုင်ငံစာရင်းတွင်ပါဝင်နေပြီး အီရတ်နှင့်လက်ဘနွန်သည်လည်း ပြိုလဲမည့်နိုင်ငံများအဖြစ် စိုးရိမ်ရသည့်အခြေအနေတွင်ရှိနေပါသည်။ ဤသို့ဖြင့် အရှေ့အလယ်ပိုင်းဒေသသည် စစ်ပွဲများ၊ ဆူပူအုံကြွမှုများ၊ အစိုးရနှင့် ပြည်သူများအကြား မယုံကြည်မှုများ၊ ဖိနှိပ်ခံရမှုများနှင့် အကွဲကွဲအပြားပြားဖြစ်ပြီး ဖရိုဖရဲဖြစ်လျက်ရှိနေပါသည်။ သို့သော်လည်း အရှေ့အလယ်ပိုင်းဒေသသည် ရေနံပေါကြွယ်ဝမှုများရှိသည့်အပြင် တရုတ်နှင့် ရုရှားတို့၏ဒေသတွင်းလွှမ်းမိုးရန်ကြိုးပမ်းမှုများကြောင့် အမေရိကန်နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းအရေးကို ဥပေက္ခာပြုထား၍မရပါ။[30]

၂၆။ ဒေါ်နယ်ထရမ့်သည် ၂၀၁၈ ခုနှစ်တွင် အီရန်နျူကလီးယားသဘောတူစာချုပ်မှ ထွက်ခွာကာ အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ခြင်းကြောင့် အီရန်အတွက်အကျပ်အတည်းဖြစ်စေခဲ့ပြီး ၎င်း၏ အီရန်နိုင်ငံအပေါ်ထားရှိသည့်မူဝါဒနှင့် စပ်လျဉ်း၍ ကျရှုံးခဲ့သည်ဟုဆိုရပါမည်။ ဂျိုးဘိုင်ဒင်

[28] Joseph R. Biden, Jr., Why America Must Lead Again, Rescuing U.S. Foreign Policy After Trump, Foreign Affairs, March/ April 2020, https://www.foreignaffairs.com/articles/united-states/2020-01-23/why-america-must-lead-again မှရရှိပါသည်။ (ကြည့်ရှုသည့် ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

[29] Michael Camiller, Joe Biden, Friend of Latin America, the Dialogue, 9 December 2020, https://www.thedialogue.org/ analysis/joe-biden-amigo-de-america-latina/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

[30] Callum Maclean, What does a Biden presidency mean for the Middle East?, Global Risk Insights, 17 December 2020, https:// globalriskinsights.com/2020/12/what-does-a-biden-presidency-mean-for-the-middle-east/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

အနေဖြင့် အီရန်သည် ၎င်း၏နျူကလီးယားစွမ်းရည် ထိန်းချုပ်ကန့်သတ်ခြင်းနှင့်သက်ဆိုင်သည့် စာချုပ်ပါအချက်များကို လိုက်နာမည်ဆိုပါက စာချုပ်အတွင်းပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း ကမ်းလှမ်းထားခြင်းမျိုးရှိပါသည်။ ထို့အပြင် ဒေါ်နယ်ထရမ့်၏ အီရန်အပေါ်အဝင် မွတ်ဆလင်နိုင်ငံ အများစုအား ခရီးသွားလာခွင့်ပိတ်ပင်ထားသည်များကိုလည်း ပယ်ဖျက်ပေးမည်ဖြစ်ပါကြောင်း ကတိပြုခဲ့ပါသည်။ သို့သော် ဂျိုးဘိုင်ဒင်၏ အီရန်အပေါ် ထိုသို့သောဖြေလျှော့ပေးမှုများသည် ဒေါ်နယ်ထရမ့်လက်ထက်တွင် အီရန်အားဆန့်ကျင့်ရန် အရှေ့အလယ်ပိုင်းဒေသအတွင်း အစ္စရေးနှင့် ပင်လယ်ကွေ့နိုင်ငံများအကြား ခိုင်မာသည့်ဆက်ဆံရေးတည်ဆောက်ခဲ့သည့်မူဝါဒနှင့် ထိပ်တိုက် တွေ့ဆုံနိုင်ပါသည်။ ထို့ကြောင့် ဂျိုးဘိုင်ဒင်အတွက် အရှေ့အလယ်ပိုင်းစိန်ခေါ်မှုတစ်ခုမှာ အီရန်အား ရန်သူသဖွယ်သဘောထားသည့် ဒေသတွင်းနိုင်ငံများနှင့် မည်သို့သောဆက်ဆံရေး တည်ဆောက် မည်ဆိုသည်မှာ မေခွန်းထုတ်စရာဖြစ်လာနိုင်ပါသည်။[31]

၂၇။ ထို့အပြင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့တွင် အီရန်နိုင်ငံမှ ထိပ်တန်း နျူကလီးယားသိပ္ပံပညာရှင် မိုဆန် ဖာခရီဇာဒက် (Mohsen Fakhrizadeh) လုပ်ကြံသတ်ဖြတ် ခံရမှုတွင် အစ္စရေးအဓိကပါဝင်နေကြောင်း အီရန်ဘက်က စွပ်စွဲထားခြင်းများရှိသည့်အတွက် သမ္မတသစ်ဂျိုးဘိုင်ဒင်အနေဖြင့် အရှေ့အလယ်ပိုင်းစိန်ခေါ်မှုများမှာ ပိုမိုပြင်းထန်နိုင်မည်ဟု ခန့်မှန်း ရပါသည်။[32]

၂၈။ ဒေါ်နယ်ထရမ့်လက်ထက်တွင် ဂျေရုဆလင်အား အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိ အမှတ်ပြုခဲ့ခြင်း၊ ပါလက်စတိုင်းတို့၏ ဂိုလမ်ကုန်းမြင့်ဒေသအား အစ္စရေးတို့က ကျူးကျော် သိမ်းပိုက်ခြင်းများကို တရားဝင်အသိအမှတ်ပြုပေးခဲ့ခြင်း၊ ပါလက်စတိုင်းတို့အား ထောက်ပံ့ကြေး ဖြတ်တောက်ခြင်း၊ ဝါရှင်တန်ရှိ ၎င်းတို့၏ သံရုံးများကို ပိတ်ပစ်ခြင်းများက အမေရိကန်နှင့် အစ္စရေး၏ ဆက်ဆံရေးကိုပိုမိုခိုင်မာစေခဲ့သည်။ သို့သော် ထိုလုပ်ရပ်များသည် အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပျက်ပြားစေသည့်အတွက် ဂျိုးဘိုင်ဒင်

[31] Biden to Face Long List of Foreign Challenges, With China No. 1, New York Times, 18 November, 2020 https://www.nytimes.com/ 2020/11/07/world/americas/ Biden-foreign-policy.html?auth=login-google မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

[32] Jonathan Harounoff, Biden's Foreign Policy Challenge: Balancing Iran and Middle East Allies, HAARETZ, 18 December 2020 https:// www.haaretz.com/us-news/.premium-biden-s-foreign-policy-challenge-balancing-iran-and-middle-east-allies-1.9381132 မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

အနေဖြင့် ဒေါ်နယ်ထရမ့်နည်းတူ ထိုမူဝါဒများကို ဆက်လက်လိုက်နာကျင့်သုံးလိမ့်မည် မဟုတ်ကြောင်း သိရှိရပါသည်။[33]

**မြန်မာ- အမေရိကန် ဆက်ဆံရေး**

၂၉။ သမ္မတဟောင်းဒေါ်နယ်ထရမ့်လက်ထက် မြန်မာနိုင်ငံအပေါ်ထားရှိသည့် အမေရိကန် နိုင်ငံခြားရေးမူဝါဒမှာ မထင်မရှားရှိနေခဲ့ပြီး ရခိုင်ပြည်နယ်အရေးမှာလည်း အထူးအာရုံစိုက် ခံရခြင်းမရှိခဲ့ပါ။ သို့သော် ဂျိုးဘိုင်ဒင်ဦးဆောင်သည့် အစိုးရသစ်၏ နိုင်ငံခြားရေးမူဝါဒမှာ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနဲ့ လစ်ဘရယ်တန်ဖိုးစံနှုန်းများကို ပိုမိုအလေးပေးလာမည် ဖြစ်သည့်အတွက် ရခိုင်အရေးတွင် မြန်မာ့မူဝါဒအပေါ် အမေရိကန်က လွှမ်းမိုးလာနိုင်သည့် အလားအလာများရှိနေပါသည်။ သမ္မတသစ်လက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် လျာထား ခြင်းခံရသည့် အန်တိုနီဘလင်ကန် (Antony Blinken) သည် သမ္မတအိုဘားမားလက်ထက်တွင် ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယင်းအချိန်ကတည်းက မြန်မာနိုင်ငံနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အရေးကို အလေးထားဆွေးနွေးနေခဲ့သူလည်းဖြစ်ပါသည်။ ထို့အပြင် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လက ရခိုင်ပြည်နယ်အရေးဖြစ်ပွားခဲ့ခြင်း သုံးနှစ်ပြည့်ခဲ့ပြီဖြစ်ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ တရားမျှတမှုဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားခဲ့ပါသည်။ ယင်းအချက်အလက်များကို သုံးသပ်ကြည့် မည်ဆိုပါက အမေရိကန်အစိုးရသစ်လက်ထက်တွင် ရခိုင်အရေးကို ပိုမိုအာရုံစိုက်လာဖွယ်ရှိ ပါသည်။ အမေရိကန်နှင့် တရုတ်နိုင်ငံအကြား အားပြိုင်မှုများမှာ အစိုးရသစ်လက်ထက်၌လည်း ဆက်လက်ရှိနေဦးမည်ဖြစ်သော်လည်း ၎င်းအားပြိုင်မှုများကို ကိုင်တွယ်သည့်ဗျူဟာများ၊ နည်းနာ နိဿယများတွင်မူ အပြောင်းအလဲရှိလာနိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတကာရေးရာ များတွင် အမေရိကန်၏ ဦးဆောင်မှုအခန်းကဏ္ဍကို ပြန်လည်မြှင့်တင်ရေး၊ မဟာမိတ်များနှင့်

[33] Professor Yossi Mekelberg, Five Key Questions on Biden's Middle East Policy, Chatham House, 18 November, 2020 https://www.chathamhouse.org/2020/11/five-key-questions-bidens-middle-east-policy မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာအဖွဲ့အစည်းများ ပိုမိုအားကောင်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်လာမည့် အလားအလာများကြောင့်ဖြစ်ပါသည်။[34]

၃၀။ အမေရိကန်– မြန်မာ ဆက်ဆံရေးတိုးတက်မှုသည် (၁) လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးကိစ္စ၊ (၂) တရုတ်– မြန်မာ ဆက်ဆံရေးအခြေအနေ စသည့်အနေအထားများအပေါ်များစွာမူတည်နေပါသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီ သမ္မတဟောင်းဒေါ်နယ်ထရမ့်အစိုးရလက်ထက်၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးကို ဆက်လက်ထောက်ခံအားပေးသွားမည့် သဘောထားမှတ်ချက်ပေးသည်ကလွဲ၍ မြန်မာနိုင်ငံအပေါ် များစွာစိတ်အားထက်သန်မှုမရှိသည်ကို တွေ့ရှိရပါသည်။ ယခုအခါ ဂျိုးဘိုင်ဒင်သမ္မတဖြစ်လာချိန်တွင် မြန်မာနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စုအနေဖြင့် ၎င်း၏ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အခြေခံသည့်မူအတိုင်းဆက်လက်လျှောက်လှမ်းမည်ဖြစ်သည့်အတွက် ထူးခြားသည့်အပြောင်းအလဲရှိမည်မဟုတ်ကြောင်း မြန်မာ့အရေးကျွမ်းကျင်သူများက သုံးသပ်ပြောကြားခဲ့ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အဟန့်အတားဖြစ်စေသည့်ကိစ္စရပ်များကိုမူ အမေရိကန်ပြည်ထောင်စုအနေဖြင့် လိုလားမည်မဟုတ်ဟု သုံးသပ်မှုများလည်းရှိနေပါသည်။[35]

၃၁။ တရုတ်–မြန်မာ ဆက်ဆံရေးအခြေအနေတွင်လည်း မြန်မာနိုင်ငံသည် စစ်အစိုးရလက်ထက်စီးပွားရေးအရေးယူပိတ်ဆို့ခံရစဉ်ကတည်းကပင် တရုတ်နိုင်ငံအပေါ်စီးပွားရေးအရ မှီခိုနေရသည့်သဘောရှိနေပါသည်။ NLD အစိုးရလက်ထက်တွင်လည်း စီးပွားရေးအခွင့်အလမ်းအတွက်တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်နေရဆဲပင် ဖြစ်ပါသည်။ ထို့အပြင် အိုဘားမားအစိုးရလက်ထက်တွင် တရုတ်နိုင်ငံ၏ အာရှဒေသအပေါ်လွှမ်းမိုးမှုကို ဟန့်တားရန်အတွက် ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (TPP) ကို ထူထောင်ရန် ရည်ရွယ်ခဲ့သော်လည်း သမ္မတဒေါ်နယ်ထရမ့်လက်ထက်တွင် ပျက်ပြားသွားခဲ့ပါသည်။ သို့သော် တရုတ်နိုင်ငံက TPP နေရာ၌ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (RCEP) ကို ဖွဲ့၍ ကမ္ဘာ့အကြီးမားဆုံး

[34] Khin Khin Kyaw Kyee, ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲအလွန် မြန်မာ့နိုင်ငံခြားရေး– ပိုနေမြဲကျားနေမြဲမူဝါဒ အလုပ်ဖြစ်နိုင်မည်လား, ISP–Myanmar, 30 November 2020, https://ispmyanmarchinadesk.com/dialogue/post2020election_mmforeignpolicy/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

[35] မြင့်နောင်မိုး၊ ဘိုင်ဒင်၊ အင်န်အယ်လ်ဒီနှင့် အမေရိကန်–မြန်မာ ဆက်ဆံရေး အလားအလာ၊ ၂၀၂၀ ပြည့်နှစ်၊ စံတော်ချိန်၊ ဒီဇင်ဘာလ ၇ ရက်၊ http://sdtimedaily.com/2020/12/07/shp30–120/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်)

ကုန်သွယ်ရေးသဘောတူညီချက်နှင့်အတူ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများကို စည်းရုံးနိုင်ခဲ့ပါသည်။ ဆိုလိုသည်မှာ ပထဝီနိုင်ငံရေးအနေအထားအရ ဆက်စပ်လျက်ရှိသည့် မြန်မာ–တရုတ်ဆက်ဆံရေးမှာ ယခင်ကအတိုင်း မပြောင်းလဲဘဲရှိနေဦးမည်ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ သမ္မတဂျိုးဘိုင်ဒင်လက်ထက်တွင် မူအရ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးကို ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်သကဲ့သို့ စီးပွားရေး၊ နည်းပညာနှင့် အခြားသောအကူအညီများကိုလည်း ပေးသွားနိုင်သည်ဟု ခန့်မှန်းကြပါသည်။ အလားတူပင် အမေရိကန်အနေဖြင့် စီးပွားရေးအရ တရုတ်နိုင်ငံနှင့် ဆက်လက်ပတ်သက်နေရဦးမည့် မြန်မာနိုင်ငံအပေါ် အကန့်အသတ်နှင့် သတိထားဆက်ဆံနေဦးမည့် သဘောထားရှိနေမည်ဟု သုံးသပ်ထားကြပါသည်။[36]

## သုံးသပ်ချက်

၃၂။ ၂၁ ရာစုတွင် ကမ္ဘာကြီးတစ်ခုလုံး၏ ပြဿနာတစ်ခုဖြစ်သည့် ကိုဗစ်ကပ်ရောဂါကို အမေရိကန်နိုင်ငံသည်လည်း အလူးအလဲခံစားနေရပြီး စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်ရရုံသာမက နိုင်ငံအတွင်း၌လည်းမတူကွဲပြားခြားနားမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့အပြင် သမ္မတဟောင်း ဒေါ်နယ်ထရမ့်ချမှတ်ဆောင်ရွက်ခဲ့သည့် အငြင်းပွားဖွယ်ရာ လုပ်ရပ်အချို့ကြောင့် အမေရိကန်အတွက် အန္တရာယ်အရှိဆုံးနိုင်ငံများ၏ စိန်ခေါ်မှုများကိုလည်း ဆက်လက်ကြုံတွေ့ရနိုင်ပါသည်။ ဥပမာ– ဒေါ်နယ်ထရမ့်အစိုးရသည် အီရန်နျူကလီးယားစာချုပ်မှနုတ်ထွက်ပြီး စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ခဲ့သည့်အတွက် ယခုအခါ အီရန်သည် နျူကလီးယားထုတ်လုပ်မှုလုပ်ငန်းများကို ပြန်လည်တိုးမြှင့်လာခြင်း၊ အမေရိကန်၏ မဟာမိတ်နိုင်ငံများကို ရန်စသည့် အပြုအမူများကို စတင်လုပ်ဆောင်လာခြင်းများနှင့် ကြုံတွေ့ရင်ဆိုင်နေရပါသည်။ အမေရိကန်သမ္မတသစ်ဂျိုးဘိုင်ဒင်၏ နိုင်ငံခြားရေးမူဝါဒများနှင့်စပ်လျဉ်း၍ အလားအလာကောင်းများစွာကို မျှော်လင့်ရသော်လည်း ၎င်း၏ သမ္မတသက်တမ်းတစ်လျှောက်တွင် စိန်ခေါ်မှုများစွာကို မလွဲမသွေရင်ဆိုင်ရနိုင်ပါသည်။ ထို့အပြင် ဂျိုးဘိုင်ဒင်အနေဖြင့် ၎င်းသမ္မတဖြစ်ရေးတွင် ထရမ့်ထောက်ခံ

[36] မြင့်နောင်မိုး၊ ဘိုင်ဒင်၊ အင်န်အယ်လ်ဒီနှင့် အမေရိကန်–မြန်မာ ဆက်ဆံရေး အလားအလာ၊ ၂၀၂၀ ပြည့်နှစ်၊ စံတော်ချိန်၊ ဒီဇင်ဘာလ ၇ ရက်၊ http://sdtimedaily.com/2020/12/07/shp30–120/ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်)

သူများ၏ နှောင့်ယှက်ဆန္ဒပြမှုများကြောင့် နောက်ဆက်တွဲ နိုင်ငံတွင်းပဋိပက္ခများ၊ ဆူပူအုံကြွမှုများနှင့်လည်း ရင်ဆိုင်ရမည်ဖြစ်ပါသည်။ သို့သော် သမ္မတသစ်ဂျိုးဘိုင်ဒင်သည် နိုင်ငံရေးအတွေ့အကြုံကြွယ်ဝခြင်း၊ ကောင်းမွန်သည့်မူဝါဒများကို ချမှတ်နိုင်ရန်အစီအစဉ်ထားရှိခြင်း၊ ၎င်း၏ အစိုးရအဖွဲ့တွင်လည်း အရည်အသွေးပြည့်ဝသည့်ပုဂ္ဂိုလ်များအား ခန့်အပ်ရန်လျာထားခြင်း စသည့် ကြိုတင်ပြင်ဆင်မှုအားကောင်းခြင်းများကြောင့် ကြုံတွေ့ရမည့်အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရာတွင် အထောက်အပံ့ကောင်းများဖြစ်လာမည်ဟု မျှော်လင့်သုံးသပ်မိပါသည်။

**နိဂုံး**

၃၃။ သမ္မတဟောင်းဒေါ်နယ်ထရမ့်လက်ထက်တွင် တံခါးပိတ်ဝါဒကို ကျင့်သုံးခဲ့သည့်အတွက် အမေရိကန်နှင့် မဟာမိတ်များ၏ဆက်ဆံရေးကို ပျက်ပြားစေခဲ့ပြီး အမေရိကန်၏ ခေါင်းဆောင်မှုအခန်းကဏ္ဍကိုလည်း ယုတ်လျော့စေခဲ့ပါသည်။ သို့သော် နိုင်ငံတကာပညာရှင်များ၏ သုံးသပ်ချက်များနှင့် ရွေးကောက်ပွဲကာလအတွင်း ဂျိုးဘိုင်ဒင်၏ကတိကဝတ်များအရ ၎င်းအစိုးရ လက်ထက်တွင် အပြန်အလှန်လေးစားလိုက်နာမှုရှိသည့် မိတ်ဖက်ဆက်ဆံရေးကို ပြန်လည်ကျင့်သုံးလာနိုင်မည်ဖြစ်သည့်အတွက် အမေရိကန်၏စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် နိုင်ငံခြားရေးမူဝါဒ ပြန်လည်အသက်ဝင်လာနိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်နယ်ထရမ့်နှင့် ဂျိုးဘိုင်ဒင်တို့နှစ်ဦးကြားတွင် မူဝါဒကွဲလွဲမှုများကို ထင်ထင်ရှားရှားတွေ့ရှိရမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ယင်းမူဝါဒများအပေါ်အခြေခံကာ ပိုမိုကောင်းမွန်သည့်ဆက်ဆံရေးများ တည်ဆောက်နိုင်ရေးအတွက် ဤစာတမ်းတိုအား ရေးသားတင်ပြအပ်ပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်တင်ဇာလင်း (ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။


သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅